ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (7-12-2011) (မြေပြင်)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဒီဇင်ဘာ ၆

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဥပစာရှိ မြက်ခင်းပြင်၌ ကျင်းပသည်။**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။**

(သတင်းစဉ်)

ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် ခေတ္တတည်းခိုသည့် မြတ်တော်ဝင်ဟိုတယ်မှ နိုင်ငံတော်သမ္မတအိမ်တော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ နိုင်ငံတော်သမ္မတအိမ်တော်ရှေ့၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ၎င်းနှင့်အတူလိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj-Gen Anup Kumar Chakma, ndc, psc တို့နှင့် မိတ်ဆက်ပေးသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍



ကြေးမုံစာတည်းရှုထောင့် ၇-၁၂-၂၀၁၁ [ဗုဒ္ဓဟူးနေ့]။

# လူထုအခြေပြုကျန်းမာရေး အသိပညာ

လူသားတစ်ဦး၏ဘဝတွင် သက်တမ်းစေ့အသက်ရှည်စွာ နေထိုင်သွားနိုင်ရေးသည် အရေးကြီးသည်။ အသက်ရှည်ရုံသာမက ကျန်းမာကြံ့ခိုင်ရန်လည်း လိုအပ်သည်။ အသိပညာ၊ အတတ်ပညာ၊ စီးပွားဥစ္စာမည်မျှပင်ပြည့်စုံကြွယ်ဝစေကာမူ ကျန်းမာမှုမရှိက ဘဝ၏အဆစ်အပိုင်းများကို ချမ်းမြေ့အဓိပ္ပာယ်ရှိစွာ ဖြတ်သန်းနိုင်မည် မဟုတ်ပေ။ အသက်ရှည်ကျန်းမာချမ်းသာမှုများရှိမှသာ မိမိ၏မိသားစုနှင့် အများကောင်းကျိုး၊ နိုင်ငံကောင်းကျိုး ကောင်းစွာသယ်ပိုးနိုင်ကြမည်ဖြစ်သည်။

ပြည်သူအများ မကျန်းမာသည့်အခါ ဆေးဝါးကုသမှုပေးနေသကဲ့သို့ ရောဂါမဖြစ်ပွားစေရေး၊ ရောဂါမကူးစက်စေရေး ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရန်လိုအပ်သည်။ ရောဂါကြိုတင်ကာကွယ်ရေးတွင် ကျန်းမာရေးအသိပညာပေးခြင်းသည် ဦးစားပေးဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်သည်။ ကျန်းမာရေးဗဟုသုတနည်းပါးမှုကြောင့် စနစ်တကျစားသောက်နေထိုင်မှုအားနည်းသည့်အခါ အန္တရာယ်ပင်ဖြစ်စေနိုင်သည်။

နိုင်ငံ၏လူဦးရေ ၆၀ရာခိုင်နှုန်းကျော်သည် မိခင်နှင့်ကလေးများဖြစ်ရာ အာဟာရဖွံ့ဖြိုးရေး၊ ကျန်းမာမှုစောင့်ရှောက်ရေးများ ပိုမိုအသိပညာပေးကြရပေဦးမည်။ မိခင်လောင်းများအန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေး၊ မွေးကင်းစကလေးများ အာဟာရပြည့်ဝရောဂါကင်းစင်ရေးတို့အတွက် ပြုစုစောင့်ရှောက်ခြင်းနှင့် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများကို ကျေးလက်ဒေသများအရောက် ခရီးဆန့်ကြရပေမည်။

လူကြီးမိဘများမှသည် သားသမီးကလေးငယ်များအထိ အခြေခံကျန်းမာရေးအသိရှိနေရန် အရေးကြီးသည်။ ဥပမာအားဖြင့် တစ်ကိုယ်ရေသန့်ရှင်းမှုအစဉ်ဂရုပြုပြီး လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျ စွန့်ပစ်ခြင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းစေခြင်း၊ ယင်လုံအိမ်သာများ အသုံးပြုခြင်း စသည်တို့သည် အခြေခံလုပ်ဆောင်ရမည့် လုပ်ငန်းများဖြစ်သည်။

ယခုအခါ စာတတ်မြောက်ပြီးသူများ စာဖတ်နိုင်ရေး စာကြည့်တိုက်အများအပြားရှိနေပြီဖြစ်ရာ စာဖတ်သည့် အလေ့အကျင့်ရရှိရေး ဖန်တီးပေးကြရပေမည်။ အထူးသဖြင့် ကျန်းမာရေးစာပေများ စုပေါင်းဖတ်ရှုနိုင်သည့် စာဖတ်ဝိုင်းများ ထူထောင်ကြရပေမည်။ အချိန်ရာသီအလိုက် ရောဂါကာကွယ်ရေးနှိုးဆော်ချက်များ ဖတ်ရှုဆွေးနွေးနိုင်ကြမည်။ ပိုးသတ်ဆေးများအန္တရာယ် သိရှိကာကွယ်နိုင်ကြမည်။ တိရစ္ဆာန်များမှလူသို့ ရောဂါမကူးစက်စေရေး သတိပြုကြရမည့်အချက်များကို သိရှိနိုင်ကြမည် ဖြစ်သည်။

စာတတ်ခြင်း၊ စာဖတ်ခြင်းနှင့် ကျန်းမာရေးတို့သည် ဆက်စပ်မှုရှိသည်ဖြစ်ရာ စာဖတ်ဝိုင်းများ၌ ကျန်းမာရေးစာပေများ စုပေါင်းဖတ်ရှုအသိပညာဖလှယ်ခြင်း၊ ကျန်းမာရေးဆိုင်ရာများ ဟောပြောအသိပညာပေးခြင်းတို့ဖြင့် စာတတ်လျှင် အနာလည်းသိ၊ ဆေးလည်းရှိ၍ အသိကြွယ်ကြွယ်ကာကွယ်ကုသနိုင်ကြပေမည်။ ထို့ထက် ကျေးလက်ဒေသအရောက် ပြည်သူလူထုအခြေပြု ကျန်းမာရေးအသိပညာများ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေနိုင်ခြင်းဖြင့် ကျန်းမာသန့်ရှင်းရောဂါကင်းမှု အကျိုးရလဒ်များ ပိုမိုရရှိလာနိုင်ကြောင်း ရှုမြင်မိပါသည်။ ။



ပြည် ထောင် စု သမ္မတ မြန်မာ နိုင် ငံ တော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ - အဖွဲ့ ခေါင်း ဆောင် ပြန် ကြား ရေး ဝန်ကြီးဌာနနှင့် ယဉ် ကျေး မှု ဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အ မေ ရိ ကန် အသံ (မြန်မာပိုင်း အ စီ အ စဉ်) မှ ဌာ န မှူး ဦးသန်းလွင်ထွန်း လာရောက်တွေ့ဆုံစဉ်။(သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ - အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အမေရိကန်အသံ (မြန်မာပိုင်းအစီအစဉ်)မှ ဌာနမှူး ဦးသန်းလွင်ထွန်း လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ - အဖွဲ့ခေါင်းဆောင် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား အမေရိကန်အသံ (မြန်မာပိုင်းအစီအစဉ်)မှ ဌာနမှူး ဦးသန်းလွင်ထွန်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇း၀၃ ၁။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာ့ရှုခင်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီ ရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ ဇာတ်လမ်းတို
- ၈း၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

- ၄း၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ လျှပ်တစ်ပြက်
- ၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
- ၄း၃၅ ၆။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄း၄၅ ၇။ ရှေးဟောင်းသုတ
- ၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၂၃)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ Mail Box
- ၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း -၄)
- ၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ ကောင်းကင် (အပိုင်း-၃၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ဒို့တာဝန်အရေး(၃)ပါး
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ (ဇာတ်ကောင်များနှင့် ကခုန်ခြင်း) -ခန့်မင်းထက်၊ ရီရီပွင့်ဖြူနှင့် သရုပ်ဆောင်များ
- ၂၁။ အိုင်စီတီသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၁၈)**
- ၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၁၂-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၈၃၄၈ | ၀. ၀၃၂၄၃ |
| တရုတ် (ယွမ်) | ၆. ၃၆၇၇၂ | ၀. ၁၅၇၀၄ |
| အိန္ဒိယ (ရူပီး) | ၅၁. ၄၁၂၅ | ၀. ၀၁၉၄၅ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၃၈၅၅ | ၀. ၃၁၈၆၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၅၅၂ | ၀. ၇၇၇၈၉ |
| ဂျပန် (ယန်း) | ၇၇. ၇၂၃၅ | ၀. ၀၁၂၈၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၃၀. ၀၄ | ၀. ၀၀၀၈၈ |
| ယူရို | ၀. ၇၄၆၁၃ | ၁. ၃၄၀၂၆ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၉၄၃ | ၁. ၅၆၃၉၀ |

*အင်တာနက်။*

## မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်တင်နှင့် Lead Auditors of Myanmar SGS Team တို့က "What is ISO 9001?, ISO 9001 Quality Management System" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ် သည်။ ဟောပြောပွဲတက်ရောက်ရန်အတွက် ဒီဇင်ဘာ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်း(အမှတ်-၁/၁၉ သခင်မြပန်းခြံလမ်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ရန်ကုန်သင်တန်းကျောင်း ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း-၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သိရသည်။ (သတင်းစဉ်)



ရန်ကုန်မြို့နေ ဦးအေးကြည်-ဆရာမဒေါ်တင်နု မိသားစုက ဒိုက်ဦးမြို့ကန်ဦးအထက ပညာရေးပဒေသာပင်ဖောင်ဒေးရှင်းသို့ ကန်ဦးဖောင်ဒေးရှင်း ပညာသင်ဆုအတွက် အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း အကြိမ်(၂၀)မြောက် နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၏ အကြိမ်(၂၀)မြောက် အသင်းသားစုံညီနှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ၂၀၁၂-၂၀၁၃ ခုနှစ် သက်တမ်းအတွက် အသင်းဝင်သက်တမ်းတစ်နှစ်ပြည့်ပြီးသည့် အသင်းသားများသည် အမှုဆောင်အဖြစ် အရွေးချယ်ခံရန်အတွက် အမှုဆောင်အဆိုပြုလွှာများကို အခန်း(၆၀၁/၅လွှာ) UMFCCI TOWER အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ဖုန်း-၂၃၀၀၁၉၇၊ ၂၃၀၀၁၉၈ တို့သို့ ဒီဇင်ဘာ ၁၂ ရက် ညနေ ၄ နာရီ နောက်ဆုံးထားတင်သွင်းနိုင်သည်။ (ကြေးမုံ)

## ရေဆင်း အထက(၄) ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၆**

၁၉၈၄-၈၅ ခုနှစ်မှ ၂၀၁၀-၁၁ ပညာသင်နှစ်အထိ ရေဆင်းအခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများက ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၈ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်သွင်းလိုပါက ဒေါ်တင်နှင်းလတ်ဌေး ဖုန်း-၀၉-၈၃၀၅၀၆၃၊ ဒေါ်ယဉ်မိုးဆွေ ဖုန်း-၀၉-၄၉၂၀၃၂၄၆၊ ဒေါ်ခိုင်ဝေညွန့် ဖုန်း-၀၉၄၃၀၃၄၇၆၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော် ရန်ကုန်မြို့၌ (၁၅)ရက်မြောက် ဆက်လက်အပူဇော်ခံလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၆

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ စတုတ္ထအကြိမ် ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း အပူဇော်ခံလျက်ရှိရာ (၁၅)ရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင် နံနက် ၆ နာရီမှ ညနေပိုင်းအထိ ရဟန်းရှင်လူပြည်သူ ၅၄၇၅၆ ဦး လာရောက်ဖူးမြော်ကြည်ညိုကြသည်။**



## ဖူးမြော်ကြည်ညို

**ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။** (သတင်းစဉ်)

### အလှူငွေများလှူဒါန်း

အလှူခံဌာနများ ဖွင့်လှစ် အလှူခံလျက်ရှိရာ ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမ၌ ကွယ်လွန်သူ ဖခင် ဦးသိန်းလှိုင် - မိခင် ဒေါ်ခင်သန်းတို့အားရည်စူး၍ မင်္ဂလာဒုံနေ ဗိုလ်မှူးနေလင်း(ငြိမ်း) - ဒေါ်နုနုအေး၊ သမီး မဇင်လင်းဆု၊ သား မောင်လရောင်လင်းမိသားစုက ငွေကျပ် ၂၅သိန်း၊ (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး)နှင့် ဇနီး ဒေါ်ခင်သန်းနွဲ့ မိသားစုက ငွေကျပ် ၅၀၄၀၀၀၊ ရွှေတောင်တန်းလမ်းနေ United ဂက်စ်မီးဖိုဆိုင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ဝန်ထမ်းများက ငွေကျပ် ၁၁၈၀၀၀၀၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး ဒေါ်နန္ဒာမွန်းမိသားစုက ငွေကျပ်တစ်သိန်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ(ရန်ကုန်တိုင်းဒေသကြီး)မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဗိုလ်ချုပ်စောထွန်း(ငြိမ်း)နှင့် ဇနီးက ငွေကျပ်တစ်သိန်း၊ အင်းစိန်မြို့နေ ဦးစံငြိမ်း-ဒေါ်ခင်သက်တင်မိသားစုက ငွေကျပ် ၁၀ သိန်း၊ ဒဂုံ အထက(၂) ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ၅၅၀၀၀၀၊ ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)-ဒေါ်အေးမွန်ရှိန်မိသားစုက ငွေကျပ် ငါးသိန်း၊ ကွယ်လွန်သူမိခင် ဒေါ်ကေ့ဝမ်တီအား ရည်စူး၍ သား၊ သမီး၊ မြေးတစ်စု (မဟာမြိုင်အထူးကုဆေးရုံ)က ငွေကျပ် ငါးသိန်း၊ ဦးတင်ကိုကို-ဒေါ်လင်းလင်း၊ သမီး မေသူခိုင်၊ သား မောင်လှမင်း မိသားစုက ငွေကျပ် ငါးသိန်း၊ ရန်ကုန်မြို့ ရတနာအိမ်ရာမိသားစုက ငွေကျပ် ငါးသိန်း၊ Super Power Electronic Co., Ltd. မိသားစုက ငွေကျပ် ငါးသိန်း၊ ရွှေတီကုမ္ပဏီလီမိတက်၊ Beauty ခေါင်းလျှော်ရည် ဝန်ထမ်းမိသားစုက ငွေကျပ် ၄၈၀၀၀၀၊ သယ်န်းကျွန်း အထက(၁) ပညာရေးမိသားစုက ငွေကျပ် သုံးသိန်း၊ လှိုင်သာယာ အထက(၃)မှ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများက ငွေကျပ်နှစ်သိန်း၊ ပန်းဘဲတန်းမြို့နယ်နေ ဦးတင်မျိုးအောင်၊ ဇနီး ဒေါ်ဆွေဆွေဝင်း၊ သား ဇင်ကိုအောင်၊ လွင်ကိုအောင် မိသားစုက ငွေကျပ် ၁၁၂၀၀၀ အပါအဝင် အလှူရှင် ၃၁၀ တို့က အလှူငွေများ လှူဒါန်းကြပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

### ရတနာများလှူဒါန်း

ရွှေငွေ ကျောက်မျက်ရတနာများ လှူဒါန်းမှုအနေဖြင့် ရန်ကုန်မြို့နေ ဦးအိုက်လင်းမိသားစုက ငွေကျပ် ၇၀၀၀၀၀၀ တန်ဖိုးရှိ ပတ္တမြားတာ တစ်ပွင့်၊ စိန် ၃၂ ပွင့်ပါ ရွှေဖြူမှုတ်ထားသည့် ရွှေလက်စွပ် တစ်ကွင်း၊ ရန်ကုန်မြို့ (၁၀၉) လမ်း အမှတ်(၂၅)နေ ဦးတင်အောင်-ဒေါ်အုန်းကြည်မိသားစုက ငွေကျပ် ၅၃၀၀၀၀၀ တန်ဖိုးရှိ ကျောက်စိမ်း တစ်ပွင့်နှင့် စိန် ၁၈ ပွင့်ပါ ရွှေလက်စွပ်တစ်ကွင်း၊ တက္ကသိုလ်ရိပ်သာလမ်းနေ ဦးရဲထွဋ်က ငွေကျပ် ၂၀၀၀၀၀၀ တန်ဖိုးရှိ စိန်တစ်ပွင့်ပါ ရွှေဖြူမှုတ်ထားသည့် ရွှေလက်စွပ် တစ်ကွင်း၊ အင်းလျားလမ်း ဥယျာဉ်လမ်းသွယ် အမှတ်(၂)နေ ဒေါ်ဇာနည်ညွန့်က ငွေကျပ် ၅၂၅၀၀၀၀ တန်ဖိုးရှိ စိန် ၈၄ ပွင့်ပါ ပလက်တီနမ်ဆွဲပြားနှင့် စိန် ၁၆ ပွင့်ပါ ကျောက်စိမ်းဆွဲပြား၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဗိုလ်မှူးကြီး ဝင်းသော်(ငြိမ်း) - ဒေါ်သီတာဦး မိသားစုက ငွေကျပ် ၅၁၈၀၀၀ တန်ဖိုးရှိ ပတ္တမြားရှစ်လုံးစီး လေးကွင်းနှင့် ရွှေလက်စွပ် တစ်ကွင်း၊ ရန်ကုန်မြို့နေ ရဲမှူးကြီး သိန်းစိုး- ဒေါ်တင်တင်ဝင်း၊ သား ဒုရဲအုပ်စိုးနိုင် မိသားစုက ငွေကျပ် ၇၂၅၀၀၀ တန်ဖိုးရှိ နာဂပုလဲ တစ်ပွင့်ပါ ရွှေနားကပ်တစ်ရန်၊ အစိမ်းရောင်ကျောက်တစ်ပွင့်၊ အဖြူရောင်ကျောက် ၁၂ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ နဝရတ် ရွှေလက်စွပ် တစ်ကွင်းနှင့် အမဲရောင်ကျောက် တစ်ပွင့်၊ အဖြူရောင်ကျောက် ၁၉ ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း၊ လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေး ဦးစံ- ဒေါ်သန်းစိန် (ဦးစံထမင်းဆိုင်) မိသားစုက ငွေကျပ် ၁၀၃၁၀၀၀ တန်ဖိုးရှိ ရွှေဆွဲကြိုးတစ်ကုံး၊ ဖခင် ဦးမြင့်- မိခင် ဒေါ်တင်မြတို့အား ရည်စူး၍ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်အေးအေးခန့်၊ သား ကိုအောင်နိုင်ဦး၊ သား ကိုမင်းမင်း၊ သမီး မအေးမြခိုင် မိသားစုက ငွေကျပ် ၃၁၃၀၀၀၀ တန်ဖိုးရှိ ရွှေမြဘုရားပုံဆွဲသီးပါ ရွှေခေါက်ဘတ်ကြိုး တစ်ကုံး၊ မြနှင့် စိန်ပါ ရွှေလက်စွပ်တစ်ကွင်းနှင့် ကျောက်စိမ်းတစ်ပွင့်ပါ ရွှေလက်စွပ် တစ်ကွင်း အပါအဝင် ရတနာမျိုးစုံ ၁၁၅၅ ခုကို လှူဒါန်းကြသည်။

ဒီဇင်ဘာ ၅ ရက် ညနေမှ ယနေ့ညနေ ၆ နာရီအထိ လှူဒါန်းမှုစုစုပေါင်းမှာ ငွေ ၁၅၇၃၇၃၉၀၂ကျပ်၊ ရွှေငွေကျောက်မျက်ရတနာ တန်ဖိုးငွေကျပ် ၁၅၉၂၂၈၇၀၀၊ အမေရိကန်ဒေါ်လာ ၆၁၅၉၊ စင်ကာပူဒေါ်လာ ၄၃၉ နှင့် ယူရို ၃၂ ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော် စတင်အပူဇော်ခံသည့် နိုဝင်ဘာ ၂၂ ရက်မှ ယနေ့ညနေ ၆ နာရီအထိ အလှူရှင်များက လှူဒါန်းကြသည့် ငွေသားစုစုပေါင်းမှာ ငွေ ၁၃၇၄၉၇၂၆၂၁ ကျပ်နှင့် ရွှေငွေကျောက်မျက်ရတနာမျိုးစုံ ၇၁၇၄ ခု တန်ဖိုးငွေကျပ် ၈၉၄၆၈၆၁၀၀၊ ငွေသားနှင့် ရတနာပစ္စည်းတန်ဖိုး နှစ်ရပ်ပေါင်း ငွေ ၂၂၆၉၆၅၈၇၂၁ ကျပ် ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

# ဗုဒ္ဓမြတ်စွယ်တော်အား ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်အပူဇော်ခံစဉ် ရန်ကုန်မြို့အတွင်း ပင့်ဆောင်မည့်လမ်းတစ်လျှောက် ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်

**ရန်ကုန် ဒီဇင်ဘာ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စတုတ္ထအကြိမ်ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်သည် ဒီဇင်ဘာ ၈ ရက် (ကြာသပတေးနေ့) နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ မန္တလေးတိုင်းဒေသကြီးသို့ ပင့်ဆောင်အပူဇော်ခံသွားမည်ဖြစ်သည်။

ပင့်ဆောင်မည့် လမ်းကြောင်းမှာ ကမ္ဘာအေးမဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးမှ ကမ္ဘာအေးစေတီလမ်းအတိုင်း ပြည်လမ်း (၈)မိုင်လမ်းဆုံ၊ (၈)မိုင်လမ်းဆုံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အထိ ပင့်ဆောင်မည်ဖြစ်ရာ ရဟန်းရှင်လူပြည်သူများအနေဖြင့် ပင့်ဆောင်သည့်လမ်းတစ်လျှောက်၌ ဖူးမြော်ကြည်ညို ကုသိုလ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# မန္တလေးမြို့၌ မြတ်စွယ်တော် ဖူးမြော်ကြည်ညိုရာတွင် လိုက်နာဆောင်ရွက်ရန် နှိုးဆော်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်၌ ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိ ယာယီ သီတင်းသုံးစံပယ်အပူဇော်ခံစဉ် လာရောက်ဖူးမြော်ကြည်ညိုကြမည့် ရဟန်းရှင်လူပြည်သူများအနေဖြင့် အောက်ပါအချက်များအား လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

(က) ဗုဒ္ဓမြတ်စွယ်တော်အား ဝင်ရောက်ဖူးမြော်ကြည်ညိုရာတွင် အဂါရဝဖြစ်စေမည့် ဝတ်စားဆင်ယင်မှုများ၊ အမျိုးသားယဉ်ကျေးမှုနှင့် မသင့်လျော်သည့် ဝတ်စားဆင်ယင်မှုများရှောင်ကြဉ်ကြရန်၊

(ခ) အတုမရှိကျောင်းတော်ကြီးအတွင်း ဝင်ရောက်ရာတွင် ဘုရားပန်းအမျိုးမျိုး၊ တယ်လီဖုန်း၊ ကင်မရာ၊ MP3/MP4 စသည့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ ပိုက်ဆံအိတ်၊ ရေဘူး၊ ထီး၊ ဦးထုပ်၊ စာအုပ်၊ ဆေးလိပ်၊ မီးခြစ်၊ လက်ဆွဲအိတ်များနှင့် ဓာတ်ပုံရိုက်ကူးနိုင်သောအခြားပစ္စည်းများ(မျက်မှန်၊ နာရီ၊ ဘောပင်) ယူဆောင်ခွင့် မပြုပါ။ မိမိပစ္စည်း မိမိထိန်းသိမ်းရန်နှင့် အပ်နှံခွင့်မပြုပါ၊

(ဂ) ဗုဒ္ဓမြတ်စွယ်တော်အား ဓာတ်ပုံ၊ ဗီဒီယို ရိုက်ကူးခွင့်မပြုပါ၊

(ဃ) သတ်မှတ်ထားသောဝင်လမ်း၊ ထွက်လမ်းများအတိုင်းသာ စနစ်တကျဝင်ရောက်ဖူးမြော်ကြရန်၊

(င) သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၏ စနစ်တကျစစ်ဆေးမှုကို ခံယူလျက် အသင့်တပ်ဆင်ရိုက်ကူးလျက်ရှိသော CCTV ကင်မရာလမ်းကြောင်းအတိုင်းသာ ဝင်/ထွက် သွားလာဖူးမြော်ကြရန်နှင့် အခြားနေရာလမ်းကြောင်းမှ ဖူးမြော်ခြင်းမပြုကြရန်၊

(စ) ဗုဒ္ဓမြတ်စွယ်တော်နှင့် အများပြည်သူ၏ လုံခြုံရေးအတွက် စစ်ဆေးရှာဖွေခြင်းအား နားလည်ကြည်ဖြူစွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်၊

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

# နဒီနက္ခတ်ဗေဒင် မင်္ဂလာအခါပေးပြက္ခဒိန် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံနက္ခတ်ပညာရှင်များအဖွဲ့ကဦးစီး၍ နဒီနက္ခတ်ဗေဒင် မင်္ဂလာအခါပေးပြက္ခဒိန်ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါပြက္ခဒိန်တွင် မြန်မာ့ရိုးရာအစဉ်အလာအတိုင်း မင်္ဂလာအခါရက်များ၊ ဂြိုဟ်ပြောင်းချိန်များ၊ (၁၂)ရာသီလဂ်များကို မိမိကံဇာတာအလိုက် လစဉ်အဟောများ၊ "ရွှေမိုးငွေမိုးရွာစေသော" ခနသိဒ္ဓိနက္ခတ်ရွတ်ဖတ်ရန်အတွက် ကောင်းမွန်သည့် အချိန်များကို ဖော်ပြထားသည်။

ပညာဒါနသင်တန်းအဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ရက် အမြန်သင်တန်းများကို ဒီဇင်ဘာ ၂၄ ရက်မှ ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း၊ မင်္ဂလာအခါပေးပြက္ခဒိန်ကို အထက်မြန်မာပြည်မန္တလေး၌ ဦးစံလှ (ဒေါင်းအိုးဝေ)၊ ဦးသက်ထွန်း၊ ဦးအောင်ကိုကို (ဈေးချို) စာပေတိုက်၊ စိန်ရတနာစာပေ၊ နဂါးစာပေနှင့် ထွန်းဦးစာပေတို့တွင် လည်းကောင်း၊ အောက်မြန်မာပြည်ရန်ကုန်၌ ဒေါ်ကြည်ကြည်စိန် (မြန်မာနိုင်ငံ နဒီနက္ခတ်ဗေဒင်ပညာရှင်များအဖွဲ့ သင်တန်းကျောင်းအုပ်) ဗိုလ်ချုပ်အောင်ဆန်းဈေး(ပထမထပ်) မျက်နှာစာတန်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၀၁-၂၅၆၄၁၁ - ၅၉၇ ထံတွင်လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ချင်းပြည်နယ်ဝန်ကြီးချုပ် မင်းတပ်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် မီဒီယာပစ္စည်းများ ပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၆**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် နိုဝင်ဘာ ၂၆ ရက်တွင် ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတမြင့်မားရေး၊ ကျေးလက်နေပြည်သူများ မီဒီယာကိုယ်ခံစွမ်းအားကောင်းမွန်ရေး၊ ဒီမိုကရေစီစနစ်ကို မှန်မှန်ကန်ကန် အနှစ်သာရရှိရှိ ဖော်ဆောင်နိုင်ရေးအတွက် ချင်းပြည်နယ် မင်းတပ်ခရိုင်အတွင်း ဖွင့်လှစ်ထားသည့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက လှူဒါန်းသည့် တစ်မြို့နယ်လျှင် ၂၁ လက်မ ရုပ်မြင်သံကြားစက် သုံးလုံး၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက လှူဒါန်းသည့် ကြိုနမ် ကျေးရွာစာကြည့်တိုက် တည်ဆောက်ရန် အလှူငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာစာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ်စာစောင်များကို ကျေးရွာစာကြည့်တိုက်လေးတိုက်အတွက် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ကန်ပက်လက်မြို့ အထွေထွေအုပ်ချုပ်ရေးရုံး အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး လူငယ်သင်တန်းကျောင်း၌ အိပ်ဆောင်နှင့် စားရိပ်သာဆောင်များကို ကြည့်ရှု၍ ငွေကျပ် သုံးသောင်းပေးအပ်လှူဒါန်းသည်။ ယင်းနောက် ကန်ပက်လက်မြို့နယ် ကျင်ဒွေးကျေးရွာသို့ ရောက်ရှိပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လှူဒါန်းသော ရုပ်မြင်သံကြားစက်နှင့် Save Gard တို့ကို ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်မှူး ဦးငွေးမနားထံ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် နိုဝင်ဘာ ၃၀ ရက် နံနက် ၈ နာရီခွဲတွင် ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ သူရဦးအောင်ကို၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာဒေသခံ ပြည်သူများနှင့်အတူ ကျင်ဒွေး-ပန်းတောင် ကြားမုန်းချောင်း ကြိုးတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ကြိုးတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာလူထုနှင့်တွေ့ဆုံ၍ ပူစောကျေးရွာ ရေဘေးသင့်အိမ်ထောင်စု ခုနစ်စုအတွက် ထောက်ပံ့ပစ္စည်းများ၊ မကြားအိမ်နူးကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ၂၁ လက်မ ရုပ်မြင်သံကြားစက်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် မှန်တောင်ကျေးရွာ လူထုနှင့် တွေ့ဆုံပြီး မှန်တောင်-လှိုင်တုတ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကားလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဒီဇင်ဘာ ၁ ရက်တွင် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးနယ်နိမိတ်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံဆရာဝန်အသင်း အကြိမ်(၁၀၀)မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) လစဉ်ပြိုင်ပွဲ အကြိမ်(၁၀၀)မြောက် ဒီဇင်ဘာလ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ ဒေါက်တာဦးစိန်သောင်း ဖုန်း-၀၉-၅၀၁၇၁၄၀၊ ဒေါက်တာ ဦးမိုးအောင် ဖုန်း-၀၉-၅၁၈၇၅၅၇၊ ဒေါက်တာ ဦးအောင်ကျော်ထူး ဖုန်း-၀၉- ၅၀၀၇၄၃၉ တို့သို့ ဒီဇင်ဘာ ၉ ရက် (သောကြာနေ့) နောက်ဆုံးထား စာရင်းပေးယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**သက်ရှိလောက**
**တည်မြဲဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

# မြဝတီနယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

**မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးတံတား(ပြည်ထောင်စုတံတား) ဖွင့်လှစ်ခြင်းအခမ်းအနားကို ယင်းတံတားအပေါ် မြန်မာနိုင်ငံဘက်ခြမ်း၌ ယမန်နေ့ နံနက် ၇ နာရီတွင် ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြဝတီနယ်စပ်ကုန်သွယ်ရေးအသင်း ဥက္ကဋ္ဌ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။**

ထို့နောက် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ ပြန်လည်ဖွင့်လှစ်ခြင်းနှင့် လူထုတွေ့ဆုံပွဲ အခမ်းအနားကို နံနက် ၈ နာရီတွင် မြဝတီကုန်သွယ်ရေးဇုန် ပြည်ထောင်စုလမ်းမကြီးပေါ်၌ ဆက်လက်ကျင်းပရာ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဝင်း၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ မြဝတီနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်နှင့် ဒေသခံပြည်သူ ဦးကျော်သန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကား ပြောကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယခုကဲ့သို့ မြဝတီကုန်သွယ်မှုဇုန်ကို ပြန်လည်ဖွင့်လှစ်ပေးခြင်းဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ကုန်သွယ်မှုကိုသာမက နှစ်နိုင်ငံနယ်စပ်ဒေသများတွင် နေထိုင်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ကုန်သွယ်ရေးတွင် မြဝတီကုန်သွယ်ရေးဇုန်သည် မူဆယ်ကုန်သွယ်ရေးဇုန်ပြီးလျှင် ဒုတိယအရေးပါဆုံး ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ ကုန်သွယ်ရေးကဏ္ဍတွင်လည်း ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး အစီအမံများ ဖြေလျှော့မှုများဖြစ်သည့် ပို့ကုန်အပေါ် ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန် ရှစ်ရာခိုင်နှုန်းကို ခြောက်လတာ ကင်းလွတ်ခွင့်ပေးခြင်း၊ ပို့ကုန်ဝင်ငွေရရှိသည်များကို မော်တော်ကားတင်သွင်းခွင့်ပေးခြင်း စသည်တို့ကို လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းရှင်များဘက်ကလည်း ယင်းအခွင့်အရေးကောင်းများရှိနေသည့်အတွက် နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်အောင် အထူးကြိုးစားရန်လိုအပ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကို လုံးဝလုပ်ကိုင်ခြင်းမပြုကြရန် မှာကြားလိုပါကြောင်း၊ သို့မှသာ နိုင်ငံတော်က ရသင့်သည့် အခွန်အခများ ရရှိမည်ဖြစ်သကဲ့သို့ ကုန်သွယ်မှုကိန်းဂဏန်းများ မှန်မှန်ကန်ကန်ရရှိနိုင်မည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးသည့်အတွက် ကုန်သွယ်မှုတိုးမြှင့်နိုင်မှသာ တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုမြင့်မားလာမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားရာတွင် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ရိုးရိုးသားသားကြိုးကြိုးစားစားဖြင့် ဆောင်ရွက်ရေး၊ အရည်အသွေးမှန်ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် ကုန်ပစ္စည်းများအား ဦးစားပေးကုန်သွယ်မှုပြုရေး၊ ဝန်ထမ်းများအနေဖြင့်လည်း မိမိကိုယ်ကို အရည်အချင်းတိုးတက်မှုရှိစေရန် အစဉ်အမြဲကြိုးစားကြရေးတို့ကို မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ပြည်နယ်ဝန်ကြီးများ၊ ထိုင်းနိုင်ငံမှ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုပရိသတ် ၄၅၀ တို့ တက်ရောက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ပို့ကုန်သွင်းကုန်များ သယ်ဆောင်သွားလာနေသည့်ယာဉ်များ ဖြတ်သန်းသွားလာမှုနှင့် ပို့ကုန်လိုင်စင် ထုတ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို အထူးအလေးထား ဆောင်ရွက်လျက်ရှိသကဲ့သို့ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း မိမိတို့သက်ဆိုင်ရာဒေသအတွင်း လုံခြုံရေးစီမံချက်များ စနစ်တကျရေးဆွဲပြီး စီမံချက်ပါအတိုင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးအဆင့်တွင်လည်း လုံခြုံရေးကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းပြီး စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ ငွေဆောင်နှင့် ချောင်းသာကမ်းခြေ အပန်းဖြေစခန်းများနှင့် ဟိုတယ်ဇုန်များ၏ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ကော်မတီများအလိုက် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးအတွက် ထိုင်းနိုင်ငံ PTT ကုမ္ပဏီနှင့် တိုင်းဒေသကြီးအတွင်း ရေနက်ဆိပ်ကမ်းတည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများကို တိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်သို့ တင်ပြသွားရမည်ဖြစ်ကြောင်း၊ ခရိုင်၊ မြို့နယ်များအလိုက် လုပ်ငန်းစဉ် (၈)ရပ် အပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စာရင်းဇယားများဖြင့် တင်ပြခြင်း၊ မှတ်တမ်းဓာတ်ပုံများဖြင့် တင်ပြခြင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မြေပြင်အထိကွင်းဆင်းပြီး လက်တွေ့တိုးတက်မှုများကို တင်ပြခြင်း စသည့်အချက်(၃)ချက်ဖြင့် ဆန်းစစ်သွားမည်ဖြစ်ကြောင်း၊ လူဦးရေစာရင်းများ၊ ထုတ်ကုန်များ စသည့် လူမှုရေး၊ စီးပွားရေးအချက်အလက်များအပေါ် စာရင်းအချက်အလက်များ သေချာစွာပြုစု၍ အားနည်းချက်၊ အားသာချက်များသိရှိပြီး မိမိတို့ဒေသတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသေးစား ငွေစုငွေချေးလုပ်ငန်းအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်ကျန်ရှိနေသည့် မြို့နယ်များအနေဖြင့်လည်း ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် လိုကြောင်း၊ ထုတ်ချေးငွေများကိုလည်း အချိန်မှန်ပြန်လည်ပေးဆပ်ခြင်း ရှိ/မရှိ စနစ်တကျ စိစစ်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



## အမှာစကားပြောကြား

**ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ခရိုင်နှင့် မြို့နယ်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများအား အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# နိုဝင်ဘာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၁၄၆ မှု၊ တရားခံ ၂၀၁ ဦး ဖမ်းဆီးအရေးယူခဲ့

**နေပြည်တော် ဒီဇင်ဘာ ၆**

နိုဝင်ဘာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၁၄၆ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၁၅ မှု အလေးချိန် ၄၇ ဒသမ ၁၀၂၅ ကီလို၊ ဘိန်းဖြူ ၂၉ မှု အလေးချိန် ၁ ဒသမ ၀၃၁ ကီလို၊ ဘိန်းဆီခဲ ၁၃ မှု အလေးချိန် သုည ဒသမ ၅၁၄၉ ကီလို၊ အဆင့်နိမ့်ဘိန်း ခုနစ်မှု အလေးချိန် ၅ ဒသမ ၃၉၃၆ ကီလို၊ ဆေးခြောက် ၁၃ မှု အလေးချိန် ၁၇ ဒသမ ၀၈၂၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၀ မှု ၇၈၄၈၈၀ ပြား၊ ဘိန်းစာမှုန့် သုံးမှု အလေးချိန် ၇၃၄ ဒသမ ၉၀၇ ကီလို၊ စိတ်ကြွအကြေမှုန့် အလေးချိန် သုည ဒသမ ၀၀၀၆ ကီလို၊ ဘိန်းညှိမှုန့် တစ်မှု အလေးချိန် ၃၁ ဒသမ ၂၃၃၇ ကီလို၊ ဆိုဒါ အလေးချိန် ၁၀ ဒသမ ၅ ကီလို၊ ဘိန်းရည် ၆၈ လီတာ၊ ဆာလ်ဖျူရစ်အက်စစ် ၄၈ လီတာ၊ နိုက်ထရစ်အက်စစ် ၁၆ လီတာ၊ လိုက်ဇော ၃၂ လီတာ၊ အယ်ပရာဇိုလမ် တစ်မှု ဆီဒီးဒိုင်ယာဇီပင်ထိုးဆေး တစ်မှု ၆၈၁၅၀ ပုလင်း၊ ဒိုင်ယာဇီပင် ဆေးပြား ၈၃၆၀၀၀ ပြား၊ မော်ဖင်းထိုးဆေး ၄၃၀၀ ပုလင်း၊ ထရာမဒေါလ်ဆေးပြား တစ်မှု ၁၈၄၈၀၀ ပြား၊ ပါမဒေါလ်ထိုးဆေး ၂၅၀၀ ပုလင်း၊ ကတ်တမင်းထိုးဆေး ၂၁၈၀ ပုလင်း၊ ဆူဒိုအက်ဖီဒရင်း တစ်မှု ၈၀ ကီလို၊ အိုက်(စ်)တစ်မှု အလေးချိန် ၁၁ ဒသမ ၀၀၀၁ ကီလို၊ ကေဖင်း အလေးချိန် ၂ ကီလို၊ အီသိုင်းအယ်ကိုဟော ၁၆ လီတာ) အမိုနီယမ်ကလိုရိုဒ် အလေးချိန် ၂၆ ကီလို၊ အမိုနီယမ်ဘိုင်ကာဘွန်နိတ် အလေးချိန် ၁ ဒသမ ၆ ကီလို တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အမှုပေါင်း ၁၄၆ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၁၆၈ ဦး၊ မ ၃၃ ဦး စုစုပေါင်း တရားခံ ၂၀၁ ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# KIA အဖွဲ့၏ ဖမ်းဆီးနှိပ်စက်ခြင်းခံရသူတစ်ဦး သေနတ်ဒဏ်ရာဖြင့် မူဆယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိလာသဖြင့် ဆေးဝါးကုသပေးလျက်ရှိပြီး လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

မူဆယ်ပြည်သူ့ဆေးရုံကြီးသို့ ယမန်နေ့ ညနေ ၆ နာရီခန့်တွင် KIA (ကချင်) အဖွဲ့၏ ဖမ်းဆီးနှိပ်စက်ခြင်းခံရသူ မောင်မြင့် အသက်(၃၁)နှစ်သည် သေနတ်ဒဏ်ရာဖြင့် ရောက်ရှိလာသဖြင့် ဆေးဝါးကုသပေးလျက်ရှိပြီး တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

မောင်မြင့်၏ ပြောပြချက်အရ ၎င်းသည် ကျောက်တံခါးမြို့နယ် မှတ်ခရန်းကျေးရွာတွင်နေထိုင်ပြီး တရုတ်နိုင်ငံအတွင်းရှိ ဈေးအချို့နှင့် ကချင်ပြည်နယ်နယ်စပ်ရှိ အင်ပါပါဈေးတို့၌ လှည့်လည်၍ လူသုံးကုန်ပစ္စည်းများ ရောင်းချနေသူတစ်ဦးဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် အင်ပါပါဈေး၌ ဈေးရောင်းရန် ပြင်ဆင်နေစဉ် KIA (ကချင်)အဖွဲ့မှ ၁၅ ဦးခန့် ရောက်ရှိလာပြီး ဖမ်းဆီးခေါ်ဆောင်သွားကာ အင်ပါပါကျေးရွာရှိ KIA တပ်စခန်းအချုပ်ခန်း၌ ချုပ်နှောင်ထားခဲ့ကြောင်း၊ ၎င်းနှင့်အတူ အချုပ်ခန်းအတွင်း၌ တစ်ဖက်နိုင်ငံသား လေးဦးနှင့် မြန်မာတစ်ဦးတို့လည်းရှိကြောင်း၊ ၎င်းအား KIA အဖွဲ့က ကုလားထိုင်တွင် ခြေ၊ လက်များကို ကြိုးများဖြင့် တုပ်နှောင်ပြီး နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း၊ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် KIA အဖွဲ့ဝင် သုံးဦးက ၎င်းအပါအဝင် သုံးဦးအား အချုပ်ခန်းထဲမှ ထုတ်၍ ချောက်ကမ်းပါးတစ်ခုအနီးတွင် နောက်ပြန်လှည့်ခိုင်းပြီး သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ၎င်း၏ ဦးခေါင်းတွင် သေနတ်ကျည် ထိမှန်ဒဏ်ရာတစ်ချက်ရရှိပြီး သတိလစ်မေ့မြောနေခဲ့ကြောင်း၊ ထို့နောက် ညနေ ၅ နာရီခန့်တွင် ပြန်လည်သတိရလာခဲ့ပြီး အကူအညီတောင်းခံခဲ့ရာ ရှမ်းအမျိုးသမီးတစ်ဦး၏ အကူအညီဖြင့် တရုတ်နိုင်ငံဘက်ကမ်းရှိ ကျေးရွာတစ်ရွာသို့ ရောက်ရှိခဲ့ကြောင်း၊ ထိုမှ ရွှေလီ/ ကျယ်ဂေါင်မှတစ်ဆင့် မူဆယ်မြို့သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

KIA အချုပ်ခန်း၌ မောင်မြင့်ရှိနေစဉ် တစ်ဖက်နိုင်ငံသားတစ်ဦးအား ယင်း၏ မိသားစုက ငွေဖြင့် ပြန်လည်ရွေးယူသွားခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ ၎င်းတို့ သုံးဦးအား အချုပ်ခန်းမှ ခေါ်ထုတ်လာစဉ် အချုပ်ခန်းအတွင်း၌ တစ်ဖက်နိုင်ငံသား နှစ်ဦးကျန်နေခဲ့ကြောင်း မောင်မြင့်၏ ပြောပြချက်များအရ သိရှိရသည်။ (သတင်းစဉ်)

# တောင်ကြီးမြို့ စာပေစာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၆**

တောင်ကြီးမြို့နယ် စာပေစာနယ်ဇင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရုံးကြီးလမ်း သစ်တောရပ်ကွက်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ မြို့နယ်ဥက္ကဋ္ဌ ဦးခွန်စိန်ဝင်း(မောင်ခွန်နွယ်-အင်းလေး)နှင့် အလုပ်အမှုဆောင်များ၊ ကန်တော့ခံ အသက် (၇၀)အထက် စာပေပညာရှင် ငါးဦး၊ အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအား သဘာပတိ ဦးခွန်စိန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုမှပေးပို့သော စာဆိုတော်နေ့ သဝဏ်လွှာအား မမြခက်(တောင်ကြီး)က ဖတ်ကြားသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်ကြရာ ဓာတ်ပုံသန်းဝေ(တောင်ကြီး)က ကျပ်တစ်သိန်း၊ မီလျှံနာ စာပေမှ ကျပ်ငါးသောင်း၊ သက္က(ခေတ္တရာ)က ကျပ်သုံးသောင်း၊ မောင်ခွန်နွယ်(အင်းလေး)နှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကျပ်နှစ်သောင်းစီ၊ ညီညီမောင်(တောင်ကြီး)၊ သို့ (အင်ကြင်း)၊ ဒေါက်တာကြည်စိုး-ဆွေကြည်အေး၊ ပအိုဝ်းရတနာကားအသင်း(တောင်ကြီး)နှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ အတွင်းရေးမှူးတို့က ကျပ်တစ်သောင်းစီနှင့် ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)က ကျပ်ငါးထောင် ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် သက်ကြီးစာပေပညာရှင်များအား ငွေသား၊ ကန်တော့ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

(နိုင်ထွန်း-တောင်ကြီး)

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၃) စုဝေးခန်းမ၌ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဒေါ်မြမြဝင်းနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါ်ရင်မြတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အသင်းဗဟိုအလုပ်အမှုဆောင် ပညာရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး တွဲဖက်ပါမောက္ခ ဒေါ်သိန်းသိန်းကြည်က ၂၀၁၁ ခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်ဖြစ်သည့် "ခွဲခြားနှိမ့်ချကင်းစင်လို့ အေအိုင်ဒီအက်စ် ပပျောက်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့" နှင့်စပ်လျဉ်း၍ ဟောပြောဆွေးနွေးသည်။

ယင်းနောက် တာဝန်ရှိသူများက ဗဟုသုတ ဆန်းစစ်လွှာဖြေဆိုမှု ပထမဆုရ မဆုလဲ့လဲ့နှင်း၊ ဒုတိယဆုရ မမေသင်းခိုင်နှင့် တတိယဆုရ မောင်ဇေယျာဖြိုးထက်တို့အား ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

## မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

**မီးသတ်ဦးစီးဌာန**

# ကျေးလက်အသေးစားငွေကြေးလုပ်ငန်း ရေရှည်ရှင်သန်ရေး ပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီးဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ်၊ ယင်းမာပင်မြို့နယ်နှင့် ဆားလင်းကြီးမြို့နယ်များအတွင်း လုပ်ငန်းမတည်ငွေ အခက်အခဲရှိသည့် တောင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအား ရွှေတောင်ငွေစုငွေချေးအသင်းမှ ချေးငွေများထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး ကျေးလက်ပြည်သူများ၊ လုပ်ငန်းဆောင်ရွက်နေသည့် ဝန်ထမ်းများအား နှုတ်ဆက်အားပေးခဲ့သည်။

ထိုသို့ လှည့်လည်ကြည့်ရှုအားပေးရာတွင် ပြည်ထောင်စုဝန်ကြီးက ကျေးလက်အသေးစားငွေစုငွေချေးလုပ်ငန်းကို မတည်ငွေကြေး အခက်အခဲရှိသည့် တောင်သူများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေအထောက်အပံ့ဖြစ်စေရန်နှင့် မိမိလုပ်ငန်းများတွင် မတည်ရင်းနှီးနိုင်ရန်အတွက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ဤလုပ်ငန်း၏ မြို့နယ်များအလိုက် မတည်ရင်းနှီးလည်ပတ်ငွေများမှာ ပြည့်စုံလုံလောက်သည့် ပမာဏမဟုတ်သေးဘဲ ယခုထက် အရင်းအနှီးလည်ပတ်ငွေပမာဏကြီးမားကျယ်ပြန့်လာရန် လိုအပ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်ပြည်သူများအနေဖြင့် ငွေချေးယူမှုအပြင် အသင်းတွင် ငွေပါဝင်စုဆောင်းခြင်းဖြင့် အသင်း၏ ရင်းနှီးမတည်လည်ပတ်ငွေပမာဏများပြားလာပြီး တစ်မြို့နယ်လုံး၊ ဒေသတစ်ခုလုံးအား ထောက်ပံ့ကူညီပေးနိုင်သည့် အသင်းကြီးတစ်ခုဖြစ်လာမည်ဖြစ်ပါကြောင်း။

သို့ဖြစ်၍ ရင်းနှီးမတည်ငွေပမာဏ တောင့်တင်းခိုင်မာသည့် ကျေးလက်အသေးစား ငွေကြေးလုပ်ငန်း ရေရှည်ရှင်သန်အောင်မြင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပြည်သူများက ဝိုင်းဝန်းပါဝင်ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ကျေးလက်အသေးစားငွေစုငွေချေးလုပ်ငန်းအား ပုလဲမြို့နယ်တွင် ငွေကျပ်သိန်းတစ်ထောင်၊ ယင်းမာပင်မြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ ဖြင့် ကနဦးမတည်၍ ဒီဇင်ဘာ ၂ ရက်မှ စတင်ဆောင်ရွက်လျက်ရှိပြီး ကနီမြို့နယ်တွင်လည်း ငွေကျပ်သိန်း ၅၀၀ မတည်၍ လုပ်ငန်းဆက်လက်ဆောင်ရွက်သွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

ချေးငွေထုတ်ပေးခြင်းလုပ်ငန်းများတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ စီမံလမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဝန်ထမ်းများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ်အတွင်း လုပ်ငန်းမတည်ငွေ အခက်အခဲရှိသည့် ဒေသခံများအား ရွှေတောင်ငွေစုငွေချေးအသင်းမှ ချေးငွေများ ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# မိုးပွင့်အဆင့်(၁) စီမံချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄ သိန်းကျော် ထုတ်ပေးနိုင်ခဲ့

နေပြည်တော် ဒီဇင်ဘာ ၆

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာ၌ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မိုးပွင့်အဆင့်(၁) စီမံချက်အရ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄ သိန်းကျော် ဆောင်ရွက်ထုတ်ပေးနိုင်ခဲ့ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးပွင့်အဆင့်(၁) စီမံချက်ဖြင့် လေးလတာ ဆောင်ရွက်ပေးမှုများအပေါ် ပြန်လည်သုံးသပ်၍ နောင်ထပ်မံဆောင်ရွက်မည့် စီမံချက်များတွင် အားနည်းချက်များ မရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် လိုကြောင်း၊ ယခင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆိုင်ရာ မှတ်တမ်းမှတ်ရာများကိုလည်း ပြန်လည်စိစစ်၍ စနစ်တကျ ပြုစုထိန်းသိမ်းထားကြရန် လိုကြောင်း။

ဝန်ထမ်းများအနေဖြင့်လည်း အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရေးအတွက် အစဉ်လေ့လာဆည်းပူးဆောင်ရွက်ကြရန် လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအောင်မြင်ရေးအတွက် ကြုံတွေ့လာမည့် လုပ်ငန်းဆိုင်ရာအခက်အခဲများကို ကြိုတင်မြော်တွေးစီစဉ်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တာဝန်သိသိ၊ သစ္စာရှိရှိ ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)



**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၇-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ဒိသာဖရဏမေတ္တာပို့ ဓမ္မပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်။)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၀ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၁၀ ၈။ "သန့်စွာကိုင်လေစက္ကူငွေ"
- ၈:၂၅ ၉။ အတီးပြိုင်ပွဲ
- ၈:၄၀ ၁၀။ International News
- ၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ "အမွန်မြတ်ဆုံးလက်ဆောင်"
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ်(ပထဝီဝင်အထူးပြု) (ပထဝီဝင်)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ သီချင်းကြီးပဒေသာ
- ၅:၁၅ ၈။ International Science News
- ၅:၂၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅:၃၅ ၁၀။ ပီသကြည်မြမဟာဂီတ (အပိုင်း-၃)
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆:၄၀ ၁၄။ ရွှေရင်ခုန်သံ
- ၇:၀၅ ၁၅။ "ပထမအကြိမ်ဟုမ္မလင်းမြို့နယ် ရှမ်းနှစ်သစ်ကူးပွဲတော်"
- ၇:၂၀ ၁၆။ ဝတ်မှုံတေးဂီတအဖွဲ့ ဖျော်ဖြေခန်း(အပိုင်း-၆)
- ၇:၃၅ ၁၇။ "ဆောင်းရာသီမိုးလေဝသ အခြေအနေနှင့်သတိပြုရမည့် အချက်များ"
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၁၃)**
- ၂၃။ ပဥ္စမအကြိမ်အာဆီယံရုပ်မြင်သံကြားညဏ်စမ်းပဟေဠိပြိုင်ပွဲ (အမျိုးသားအဆင့်)
- ၂၄။ အစီအစဉ်ပြီး၏။

# ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ရေပူဝကျေးရွာ၌ ဆောက်လုပ်ပြီးစီးသွားသည့် အခြေခံပညာမူလတန်း(လွန်)ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဦးစန်းမောင်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အလှူရှင် မြန်မာစီးပွားစီမံ အမှုဆောင်များအသင်းဥက္ကဋ္ဌ ဦးမြင့်မောင်ထွန်းက ကျောင်းဆောင်သစ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယခုဖွင့်လှစ်သည့် ကျောင်းဆောင်သစ်မှာ အလျားပေ ၇၀၊ အနံပေ ၃၀ ရှိ သံကူကွန်ကရစ် ကျောင်းဆောင်ဖြစ်ပြီး ကျောင်းသုံးပရိဘောဂ၊ သောက်သုံးရေအတွက် ဂါလန် ၅၀၀၀ ဆံ့ မိုးရေစုကန်တစ်ကန်၊ အဝီစိတွင်းနှင့် ရေလှောင်ကန်၊ သန့်စင်ခန်းများနှင့် ခြံစည်းရိုးတို့ အပါအဝင် ငွေကျပ်သိန်း ၈၀၀ ကျော် အကုန်အကျခံ၍ လေပြင်းဒဏ်နှင့် ငလျင်ဒဏ်ခံ အဆောက်အအုံအဖြစ် စနစ်တကျ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

မြန်မာစီးပွားစီမံ အမှုဆောင်များအသင်း (Myanmar Business Executives Association)သည် Switzarland နိုင်ငံ Caritas Associates ၏ အလှူငွေများဖြင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၊ ဒေးဒရဲမြို့နယ်နှင့် ဖျာပုံမြို့နယ်များ၌ စီမံကိန်းအဆင့်ဆင့်ဖြင့် ၂၀၁၁ ခုနှစ်အကုန်တွင် ရွာပေါင်း ၃၆ ရွာ၌ ကျောင်းပေါင်း ၃၇ ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့ရာ ယခုကျောင်းမှာ ၃၇ ကျောင်းမြောက် ဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

# ရွှေတောင်မျော် အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရွှေတောင်မျော် အထကတွင် ၁၉၆၂ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀)နှင့်အထက် အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ပထမအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် ယင်းကျောင်းရှိ သုတရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ပွဲသို့ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေ ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းအုပ်ကြီးရုံး ဖုန်း-၀၉-၈၅၈၆၀၈၄၊ ဦးချူစိမ်း ဖုန်း-၀၉-၅၁၇၁၀၀၃၊ ဦးထွန်းလင်း(သန်းအေး) ဖုန်း-၀၉-၅၁၇၇၀၉၆၊ ဦးကျော်ဝင်း (အလုံး) ဖုန်း-၀၉-၅၁၈၈၇၆၆၊ ဦးမြင့်ဦး ဖုန်း-၀၉-၈၅၈၅၇၉၁၊ ဦးကျော်ဟိန်း ဖုန်း-၀၉-၈၅၈၅၇၇၄၊ ဒေါ်ခင်သီတာ ဖုန်း-၀၉-၈၅၈၆၉၄၉နှင့် ဒေါ်ထိုက်ထိုက်အောင် ဖုန်း-၀၉-၄၉၇၅၂၆၃၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



**မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၅ ရက်က အလက(၂)ဗဟန်း ကျိုက္ကဆံရပ်ကွက်၌ ကျင်းပရာ မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု အန္တရာယ်ဆိုင်ရာသိကောင်းစရာများကို ဗဟန်းရဲတပ်ဖွဲ့စခန်းစခန်းမှူး ရဲအုပ်နေမျိုး ပညာပေးဟောပြော ဆွေးနွေးစဉ်။**

(ကြေးမုံ)

# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့



## သဘောတူစာချုပ် လက်မှတ်ရေးထိုး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ Mr. A.K Azad တို့ နှစ်နိုင်ငံအသင်းချုပ် တို့အကြား ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကော်မရှင်ရုံးဖွင့်လှစ်ရေး သဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။**

(သတင်းစဉ်)

**✤ နိုင်ငံတော်သမ္မတမှ**

အဆိုပါဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီးဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj-Gen Anup Kumar Chakma, ndc, psc နှင့် သံရုံးတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာ၌ နှစ်နိုင်ငံ လေကြောင်း၊ ရေကြောင်းပို့ဆောင်ရေး၊ ဘဏ်လုပ်ငန်း၊ စွမ်းအင်၊ ကုန်သွယ်ရေး၊ ပညာရေး၊ ဆောက်လုပ်ရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဘင်း(မ)စတက်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် အကျိုးတူဆောင်ရွက်ရေး၊ ဒေသတွင်း အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သဘောတူစာချုပ်များ ချုပ်ဆိုပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Dipu Moni တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကော်မရှင် ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr. A.K Azad တို့သည် နှစ်နိုင်ငံအသင်းချုပ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကော်မရှင်ရုံးဖွင့်လှစ်ရေး သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။ (သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲ ဆားလင်းကြီးမြို့နယ်တွင် ကျင်းပ

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ Promise International Construction Group မှ ဦးအေးကျော်-ဒေါ်နိုင်နိုင်ဦးတို့က ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၅၀၀ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၆

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ဒီဇင်ဘာ ၄ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ပန်းမြတ်သဇင်ခန်းမ၌ ကျင်းပသည့် ဆားလင်းကြီးမြို့နယ် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပွဲနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားကာ ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးစောမြင့်ဦး၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**အခမ်းအနားဖွင့်လှစ်**

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက ပြည်မြန်မာသီချင်းကိုသီဆိုပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စသည့်ကဏ္ဍများတွင် ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်အတွက် မိမိအနေဖြင့် ဆားလင်းကြီးမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်ခွဲစိတ်ကုသမှု ပြုလုပ်ပေးရန် စီစဉ်ထားရှိပါကြောင်း။

ထို့အပြင် ဆားလင်းကြီးမြို့နယ်အတွင်း မတည်ငွေကြေး အခက်အခဲရှိသည့်တောင်သူများ၊ အိမ်တွင်းကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူများအား အထောက်အပံ့ဖြစ်စေရေးအတွက် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ငွေစုငွေချေးအသင်းတစ်ခု တည်ထောင်၍ မတည်ငွေကျပ် သိန်း ၅၀၀ ဖြင့် စတင် လုပ်ငန်းဆောင်ရွက်နိုင်အောင် စီမံဆောင်ရွက်ပေးထားပါကြောင်း၊ အဆိုပါ ငွေစုငွေချေးအသင်း ပိုမိုကျယ်ပြန့်ခိုင်မာလာအောင် ပြည်သူများက ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

**ဆုများချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး၊ လက်ပန်းတောင်း ဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတ သာသနဓဇ အစိုးရ ဓမ္မာစရိယ ဘဒ္ဒန္တ အာဝုဓ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အလှူရှင် ဦးခင်မောင်(မနောသုခ)တို့က ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ယင်းနောက် လက်ပန်းတောင်းဆရာတော် ဘဒ္ဒန္တ အာဝုဓက ဆားလင်းကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ဆောက်လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၁ သိန်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ဆောက် လုပ်ဆဲ ကျောင်းဆောင်သစ်အတွက် ငွေကျပ် ၁၀ သိန်းကို လည်းကောင်း၊ နိုင်ငံတော်မတည်ငွေဖြင့် စာကြည့်တိုက်ဆောက်လုပ်ရန် ကျေးရွာတစ်ရွာ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း မတည်ငွေဖြင့်



စာကြည့်တိုက်ဆောက်လုပ်ရန် ကျေးရွာနှစ်ရွာ ပေါင်း ကျေးရွာသုံးရွာအတွက် ငွေကျပ် သိန်း ၃၀ ကို လည်းကောင်း၊ ဆောက်လုပ်ပြီး စာကြည့်တိုက် ၃၄ တိုက်အတွက် သုတ ရသ စာအုပ်စာစောင်များကို လည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ဇာတိမာန်သီချင်း သီဆိုကြသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ Promise International Construction Group မှ ဦးအေးကျော်-ဒေါ်နိုင်နိုင်ဦးတို့က ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၅၀၀ ပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား နှုတ်ဆက်အားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဥပဒေပညာဌာန အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဥပဒေပညာဌာန (၁၉၇၄-၁၉၇၉)၏ စတုတ္ထအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၇ ရက် (စနေနေ့) ညနေ ၃ နာရီမှ ၅ နာရီထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း တရားရုံးချုပ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (ကြေးမုံ)




ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဥပ္ပါတသန္တိစေတီတော်ပရဝဏ်အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဒီဇင်ဘာ ၆

**နေပြည်တော်တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။**

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြတိုက်၌ ခင်းကျင်းပြသထားသည့် မြန်မာ့ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြပြီး ဝန်ကြီးချုပ်က ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လွှတ်တော်အဆောက်အအုံကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်သို့ရောက်ရှိကြရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

## လက်မှတ်ရေးထိုး

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်လိုဏ်တော်အတွင်းရှိ ဗုဒ္ဓဝင်ကျောက်ထွင်းပန်းချီများအား လှည့်လည်ကြည့်ရှုကြည်ညိုကြပြီး ဧည့်သည်တော်ဝန်ကြီးချုပ်က ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်က စေတီတော်အတွက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့်စေတီတော်ပုံတူ ကျောက်စီပန်းချီကားအား ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စေတီတော်ပရဝဏ်အတွင်းရှိ ရတနာဆင်ဖြူတော်ဆောင်၌ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

# နိုင်ငံရေးပါတီတည်ထောင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ဦးဇင်အောင်ပါ ၁၈ ဦးတို့က လျှောက်ထားသည့်**မြန်မာ့လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ** တည်ထောင်ခွင့် လျှောက်ထားချက်သည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နေပြည်တော်သံတမန်ဇုန်၌ ဘင်္ဂလားဒေ့ရှ်သံရုံးတည်ဆောက်ရန် အုတ်မြစ်ကျောက်တိုင် စိုက်ထူခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နေပြည်တော် သံတမန်ဇုန်၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတည်ဆောက်ရန် အုတ်မြစ်ကျောက်တိုင်စိုက်ထူခြင်း အခမ်းအနားကို ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် နေပြည်တော် သံတမန်ဇုန်ရှိ အဆိုပါသံရုံး တည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ တက်ရောက်၍ အုတ်မြစ်ကျောက်တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး Maj - Gen Anup Kumar Chakma, ndc, psc တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံအမတ်ကြီးက သံရုံးတည်ဆောက်မည့်မြေနေရာ အကျယ်အဝန်း၊ ပတ်ဝန်းကျင်အခြေအနေနှင့် သံရုံးတည်ဆောက်သွားမည့်အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧည့်သည်တော်ဝန်ကြီးချုပ်က အုတ်မြစ်ကျောက်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဧည့်သည်တော်ဝန်ကြီးချုပ်က ယခုကဲ့သို့ မိမိတို့ချစ်ကြည်ရေးအဖွဲ့အား ဖိတ်ကြားပြီး နေပြည်တော်၌ သံရုံးတည်ဆောက်ခွင့်ပြုသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် ဧည့်သည်တော်ဝန်ကြီးချုပ်အား ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးက အထိမ်းအမှတ်ကျောက်စီပန်းချီကား ပေးအပ်သည်။

(သတင်းစဉ်)




**ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ နေပြည်တော် သံတမန်ဇုန်၌ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတည်ဆောက်ရန် အုတ်မြစ်ကျောက်တိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

## ၇-၁၂-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၄၀ | "ဓမ္မာနုပဿနာသတိပဋ္ဌာန်" တရားတော် (ဆရာတော် ဦးဃောသိတ) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၈)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၁)** |
| ၈း၅၀ | R Zar Ni One Man Show (Part-4) |
| ၉း၃၅ | ဂါရဝဖြင့် ဦးညွတ်ချီ ဆရာများ၏ကျေးဇူးဂုဏ်ရည် [အထက(၄)မင်္ဂလာတောင်ညွန့်၏ အာစရိယပူဇော်ပွဲ] |
| ၉း၅၅ | ပဥ္စမအကြိမ်မြောက်အာစရိယ ပူဇော်ပွဲ (စဉ့်ကိုင်မြို့နယ်) |
| ၁၀း၀၅ | Activities in The City |
| ၁၀း၃၀ | ဖန်သားရုပ်မြင်စာဆိုသဘင် "အောင်စိတ်ဖြင့် ထူးချွန်စွာ အောင်မြင်နည်း" (လယ်တွင်းသားစောချစ်) |
| ၁၁း၀၀ | ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၂) |
| ၁၂း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၂)** |
| ၁၂း၄၅ | ရန်ကုန်မြင်ကွင်းကျယ် |
| ၁း၀၀ | "ဓမ္မာနုပဿနာသတိပဋ္ဌာန်" တရားတော် (ဆရာတော် ဦးဃောသိတ) |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | ပျော်ပျော်ရွှင်ရွှင်ဆင်ကာန္တဲ စိန်ပေါလ်ကျောင်းသားဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ |
| ၂း၄၅ | Activities in The City |
| ၃း၀၀ | World Friends Korea Conference for Representatives of Host Organizations 2011 |
| ၃း၁၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၄၈)** |
| ၄း၀၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၁)** |
| ၅း၀၀ | Cartoon Show Time |
| ၅း၂၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၂)** |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ"(အပိုင်း-၄၉)** |
| ၇း၁၅ | R Zar Ni One Man Show (Part-5) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၃၀ | ပြေတီဦးပညာရေးဖောင်ဒေးရှင်း ရန်ပုံငွေပဒေသာကပွဲ (အပိုင်း-၃) |
| ၉း၁၀ | ရယ်စရာပေးရှင်း |
| ၉း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၂)** |
| ၁၀း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၁၀း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သံစဉ်ချိုအိပ်မက်လေး" (အပိုင်း-၂၃)** |
| ၁၁း၃၀ | ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် WORLD AIDS DAY ညဏ်စမ်းပဟေဠိပြိုင်ပွဲ |
| ၁၂း၂၀ | Celebrity Style |
| ၁၂း၄၅ | ဓာတ်ပုံထဲမှအမှတ်တရများ |
| ၁း၀၅ | World of Knowledge |
| ၁း၅၅ | ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ် (ပါမောက္ခဦးမြသော်) |
| ၂း၀၅ | **လောင်မြိုက်ခြင်း၏ကမ်းတစ်ဖက် (နိုင်ထက်ဦး၊ စစ်သွေး၊ ဇော်မင်းပိုက်၊ မေသကြ်န်) (ဒါရိုက်တာ-ဇော်မင်းပိုက်(SM)** |
| ၂း၄၀ | တောင်ပေါ်လက်ဖက်နတ်သစ်ရွက် |
| ၂း၅၀ | သဘာဝအလှရတနာသစ်ခွကမ္ဘာ |
| ၃း၀၀ | ကဏ္ဍစုံလင်အားကစားအစီအစဉ် |
| ၄း၀၀ | ယုံကြည်ခိုင်မာသော. . . အောင်မြင်မှုပန်းတိုင်ဆီသို့ |
| ၄း၂၀ | Shooting Location |
| ၄း၄၅ | ပတ္တမြားမြေပေါ်မှ သိင်္ဂါရောင်မြင်ကွင်းများ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

# အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ)မှ ကြီးမှူး၍ အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးမော်သန်းက Inventories ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အသင်းတိုက် တည်ရှိရာ အမှတ်(၃၇/၄၁) လမ်း (၅၀) (အောက်) ဗိုလ်တထောင်မြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်ပြီး ကြိုတင်စာရင်းပေးသွင်းကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ရုံးဖုန်း- ၂၉၁၆၆၇ နှင့် ၀၉-၇၃၀၈၀၂၆၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။** (သတင်းစဉ်)

**○ ရှေ့ဖုံးမှ**

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ် မြတ်မြတ်အုန်းခင်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သံအမတ်ကြီး ဦးမင်းလွင်တို့အား ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြန်လည်မိတ်ဆက်ပေးသည်။ (သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၆

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။**

### တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရ ဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj- Gen Anup Kumar Chakma, ndc,psc နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲ မသုံးဆောင်မီ နိုင်ငံတော်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်သည်။

### ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဧည့်သည်တော် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းများ ပေးအပ်ကြပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

ထိုသို့လက်ခံတွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသံအမတ်ကြီး ဦးမင်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီးဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Dipu Moni နှင့် အဆင့်မြင့်အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Maj- Gen Anup Kumar Chakma, ndc, psc နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံအစိုးရအကြီးအကဲ လာရောက်လည်ပတ်သည့်အတွက် မိမိတို့၏ ဆွေမျိုးသားချင်းတစ်ဦး လာရောက်လည်ပတ်သကဲ့သို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း၊ အလုပ်တာဝန် များပြားသည့်ကြားမှ အချိန်ပေးပြီး လာရောက်လည်ပတ်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာစေမည်ဟု ယုံကြည်ပါကြောင်း စတင်နှုတ်ခွန်းဆက်ပြောကြားသည်။

**တိုးတက်ကောင်းမွန်**

ထို့နောက် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ပထဝီအနေအထားနှင့် သမိုင်းကြောင်းအရ တူညီမှုများရှိသည့် မိမိတို့နှစ်နိုင်ငံအကြား ဆက်ဆံရေးသည် တိုးတက်ကောင်းမွန်လျက်ရှိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အပါအဝင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားလိုပါကြောင်း၊ လောလောဆယ်တွင် BIMSTEC, ASEAN, ARF စသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂနယ်ပယ်တို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံအကြား ကား၊ ရထားလမ်းများ ဆက်သွယ်ဆောင်ရွက်သွားလိုပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်လျှင် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာ အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လုံလောက်မှုမရှိသည့်အတွက် အိန္ဒိယ၊ ဘူတန်၊ နီပေါနိုင်ငံများနှင့် ရေအားလျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ လက်မှတ်ရေးထိုးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံနှင့်လည်း အလားတူ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ဝယ်ယူသုံးစွဲရန်လည်း စိတ်ဝင်စားပါကြောင်း၊ အဆွေတော် သမ္မတကြီးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လာရောက်ရန် ဖိတ်ကြားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**အပြန်အလှန်ထောက်ခံ**

နိုင်ငံတော်သမ္မတကြီးက ပြန်လည်ဆွေးနွေးပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့သစ်အနေဖြင့် လွတ်လပ်တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ ကမ္ဘာ့နိုင်ငံအားလုံးနှင့်ရော ကုလသမဂ္ဂအဖွဲ့ကြီးနှင့်ပါ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများအားလုံးနှင့်လည်း ပိုမိုရင်နှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် BIMSTEC အဖွဲ့တွင် လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်ချင်းလည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့် အရေးကိစ္စရပ်များတွင် မိမိတို့နှစ်နိုင်ငံသည် အပြန်အလှန်ထောက်ခံမှုပြုပြီး လက်တွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင်ရပ်ဆိုင်းထားခဲ့ရသည့် နှစ်နိုင်ငံအကြား လေကြောင်းပျံသန်းမှုကို ပြန်လည်စတင်ရန် ဆန္ဒရှိပါကြောင်း၊ နှစ်ဖက်ညှိနှိုင်းထားပြီးဖြစ်သည့် နှစ်နိုင်ငံအကြား ရေကြောင်းဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဆက်လက်အကောင်အထည် ဖော်သွားမည်ဖြစ်ကြောင်း၊ မော်တော်ကားလမ်း ဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ အဆွေတော်၏ အဆိုပြုချက်ကို စဉ်းစားသွားမည်ဖြစ်ကြောင်း။

**ကြိုးစားကြရန်လို**

လက်ရှိအခြေအနေတွင် နှစ်နိုင်ငံ ကုန်သွယ်ရေးအပိုင်း၌ အားနည်းနေပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်နိုင်ငံ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၃၇ သန်းသာရှိခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုရည်မှန်းချက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ပြည့်မီအောင် နှစ်ဖက်စလုံးက ကြိုးစားကြရန်လိုပါကြောင်း၊ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး၊ ပုံမှန်ကုန်သွယ်ရေး တိုးမြှင့်သွားရန်ဆန္ဒရှိပါကြောင်း၊ အဆွေတော်တို့အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများ ရှိပါကြောင်း၊ လောလောဆယ်တွင် နိုင်ငံပေါင်း ၃၁ နိုင်ငံက ကဏ္ဍအသီးသီးတွင် လာရောက်ရင်းနှီးမြှုပ်နှံလျက် ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ပြန်လည်လွှဲပြောင်းလက်ခံရေးကိစ္စကိုလည်း ယခင် နှစ်ဖက်သဘောတူညီထားသည့် အတိုင်းတစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို အစိုးရက ဦးတည်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင်များနှင့်အညီ လက်ရှိ ဆင်းရဲနွမ်းပါးမှုနှုန်းကို ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ တွင် ၁၆ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ (သတင်းစဉ်)



## ရင်းရင်းနှီးနှီးနှုတ်ဆက်

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)



## လက်ခံတွေ့ဆုံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ နေရာကွက်ကျား မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၆**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ကယားပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လားရှိုးမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် သုည ဒသမ ၁၆ လက်မစီ၊ ရမည်းသင်းမြို့တွင် သုည ဒသမ ၁၁ လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးဆက်လက်ရွာနိုင်သည်။

## မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းတို့အကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာနှင့်အတူ လိုက်ပါလာသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များအကြား တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိယ်ဟိုတယ် (Ball Room) ခန်းမ၌ကျင်းပသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အမှုဆောင်များနှင့် အသင်းဝင်များ၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ Mr. A. K. Azad နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ ကုန်သည်စက်မှု အသင်းချုပ်ဥက္ကဋ္ဌနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စက်မှုအသင်းချုပ် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက နှစ်နိုင်ငံ စီးပွားရေးကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာအား အဆိုပါ ဟိုတယ်မြက်ခင်းပြင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)



**ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အဖွဲ့ဝင်များအကြား တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသိယ်ဟိုတယ် (Ball Room)ခန်းမ၌ ကျင်းပစဉ်။**

(သတင်းစဉ်)

## (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အေရိုးဗစ်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၁၁ ခုနှစ် (၁၇)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း (အေရိုးဗစ်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (သုဝဏ္ဏ) အမျိုးသား အားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က အမှာစကားပြောကြား၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံ နာယကများဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်ခင်မေစိုး၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်စိုးဝတ်ရည်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်မြမြဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဇနီး ဒေါ်ဆွေဆွေချစ်နှင့် ဒုတိယဝန်ကြီးများ၏ဇနီးများ၊ နာယကအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ခင်သက်ဌေး၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက Long Luck Co.,Ltd. မန်နေဂျင်းဒါရိုက်တာဒေါ်ဥမ္မာလွင်က ငွေကျပ် ၁၄၄၀၀၀ တန်ဖိုးရှိ Bio Pluss သောက်ရေသန့်များနှင့် ငွေကျပ်နှစ်သိန်းကို လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက လက်ခံသည်။ **(ဝဲပုံ)**

ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ၁၃ သင်း ပါဝင်ယှဉ်ပြိုင် ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ယနေ့မှ ဒီဇင်ဘာ ၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၆**

အကြိမ်(၅၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ နေပြည်တော် အမှတ်(၁)အားကစားကွင်း၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်အမှတ်(၂) အားကစားကွင်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(လေ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်း ရွှေတံဆိပ်ရ ဝေဖြိုးအောင်နှင့် ကျော်ဇင်သစ်အတွဲအား ဂုဏ်ပြုဆုငွေချီးမြှင့်စဉ်။**

(ကြေးမုံ)

## ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၁၁ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ပထမအကြိုဗိုလ်လုပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ဘားအံမြို့ အောင်သံလွင်ပြည်နယ် အားကစားကွင်း၌ ကျင်းပရာ မြဝတီမြို့နယ်အသင်းက ဘားအံမြို့နယ်အသင်းကို ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒီဇင်ဘာ ၆ ရက်တွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် ဖာပွန်မြို့နယ်အသင်းနှင့် သံလွင်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## မြန်မာ့ဂေါက်သီးအားကစားအဆင့်အတန်း မြင့်မားလာရေးအတွက် နိုင်ငံခြားဂေါက်သီးအားကစားနည်းပြ လေ့ကျင့်ပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဂေါက်သီးအားကစားဖြင့် နိုင်ငံဂုဏ်မြှင့်တင်ပေးနိုင်ရေး ရည်မှန်းကာ အားကစားအောင်မြင်မှုများ ရယူနိုင်ရန်အတွက် ကမ္ဘာ့ဂေါက်သီးအဖွဲ့အစည်းကြီးတစ်ခုဖြစ်သော R&A နှင့် အပြန်အလှန်ဆက်သွယ်၍ မြန်မာ့ဂေါက်သီးအားကစားအဆင့်အတန်းမြင့်မားလာရေး ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အစီအစဉ်များအရ ၎င်းတို့ထံမှ ဂေါက်သီးအားကစားဆိုင်ရာ နည်းပြတစ်ဦးဖြစ်သော Mr. Kevin Flynn, P. G. A. Advanced Professional, European Golf Development Consultant, Tournerbury Golf Centre and Teaching Academy, United Kingdon အား ပထမအကြိမ်အနေဖြင့် စေလွှတ်ပေးလိုက်သည်။ **(ယာပုံ)**

၎င်းရောက်ရှိနေစဉ်ကာလအတွင်း မြန်မာလူငယ်ဂေါက်သီး အားကစားသမားများ၊ သွေးသစ်အားကစားသမားများ၊ ပြည်တွင်းမှ ဂေါက်သီးအားကစားဆိုင်ရာ နည်းပြများအား ဒီဇင်ဘာ ၁ ရက်မှ ၇ ရက်အထိ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ ကျောက်ရေတွင်း၊ မရမ်းကုန်းမြို့နယ်၌ လက်တွေ့သရုပ်ပြသင်ကြားပြသပေးလျက်ရှိသည်။



နောင်တွင်လည်း မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂေါက်သီးအားကစားဝါသနာရှင်များအား သင်ကြားပြသပေးခြင်းနှင့် အားကစားပစ္စည်း ကူညီပံ့ပိုးပေးခြင်းဆိုင်ရာများကို R & A နှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဆီးဂိမ်းပြိုင်ပွဲအောင်ပွဲရ မြန်မာဝူရှူးအဖွဲ့နှင့် MNL အရန်အသင်းချန်ပီယံ ရတနာပုံအသင်းတို့အား ဂုဏ်ပြု

**ရန်ကုန် ဒီဇင်ဘာ ၆**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ် နှစ်ခု၊ ကြေးတံဆိပ် သုံးခု ဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မြန်မာဝူရှူးအဖွဲ့နှင့် ၂၀၁၁ MNL အရန်အသင်းများအမှတ်ပေး ဘောလုံးပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သော ရတနာပုံအရန်အသင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ကျင်းပသည်။

ဂုဏ်ပြုပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ရတနာပုံ FC အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ဆက်လက်၍ ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက ရွှေတံဆိပ်ရ ဝေဖြိုးအောင်နှင့် ကျော်ဇင်သစ်အတွဲအား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ တစ်သောင်း၊ ငွေတံဆိပ်ရရှိကြသော စန္ဒီဦး၊ လှလှဝင်းတို့အား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ ငါးထောင်စီ၊ ကြေးတံဆိပ်ရရှိကြသော တင်လင်းအောင်၊ ဝေဖြိုးအောင်နှင့် စုလှိုင်ဦးတို့အား ဂုဏ်ပြုဆုငွေ အမေရိကန်ဒေါ်လာ သုံးထောင်စီပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အောင်ပွဲရဝူရှူးအားကစားသမားများကိုယ်စား ကျော်ဇင်သစ်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်း၏ ဇနီး ဒေါ်ဂျူလီယာက MNL အရန်အသင်းချန်ပီယံ ရတနာပုံအသင်းအား ဂုဏ်ပြုဆုငွေ ၄၆ သိန်းကို ပေးအပ်ချီးမြှင့်သည်။

(ကြေးမုံ)

**နိုင်ငံတကာသတင်းများ**

## တောင်ကိုရီးယားဒုံးကျည်များ စွမ်းရည်ကန့်သတ်ချက် ပယ်ဖျက်ပေးရန် အမေရိကန် သဘောမတူ

**ဆိုးလ် ဒီဇင်ဘာ ၆**

တောင်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်များသည် ကီလိုမီတာ ၃၀၀ အောက် အကွာအဝေးအထိသာ ပစ်ခတ်နိုင်စွမ်းရှိရမည်ဟူသော ကန့်သတ်ချက်အား ပြန်လည်သုံးသပ်ရေးအစီအစဉ်ကို အမေရိကန်အစိုးရက ကန့်ကွက်ခဲ့ကြောင်း ဒီဇင်ဘာ ၅ ရက် သတင်းများ၌ ဖော်ပြသည်။

ဒုံးကျည်များ ပစ်ခတ်နိုင်သည့် အကွာအဝေးကန့်သတ်ချက်ဆိုင်ရာ ပြဿနာအား အမေရိကန်နှင့် တောင်ကိုရီးယားတာဝန်ရှိသူများက စေ့စပ်ညှိနှိုင်းရန်ကြိုးပမ်းခဲ့သော်လည်း သဘောထားကွဲလွဲမှုများကို ဖြေရှင်းနိုင်ခဲ့ခြင်းမရှိကြောင်း သိရသည်။

ယခုနှစ် အစောပိုင်းမှစ၍ တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ဒုံးကျည်များ ပစ်ခတ်နိုင်မှုအကွာအဝေးကို ဆန့်ထုတ်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနအပါအဝင် ကြားခံအဖွဲ့အစည်းအမျိုးမျိုးမှတစ်ဆင့် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်တိုးတက်မှုမရသေးကြောင်း သတင်းများတွင် ဖော်ပြသည်။

တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ ဒုံးကျည်များ ကီလိုဂရမ် ၅၀၀ အလေးချိန်ရှိ ထိပ်ဖူးကို သယ်ဆောင်၍ ကီလိုမီတာ ၁၈၀ မှ ၃၀၀ အထိ ပစ်လွှတ်နိုင်စွမ်းရှိရေးအတွက် ၂၀၀၁ ခုနှစ်တွင် ကြိုးပမ်းခဲ့သည်။



သို့ရာတွင် တောင်ကိုရီးယားဒုံးကျည်များထက် အကွာအဝေးအရ သာလွန်ပစ်ခတ်နိုင်စွမ်းရှိသည့် မြောက်ကိုရီးယားဒုံးကျည်များသည် လုံခြုံရေးဆိုင်ရာ ပြဿနာတစ်ရပ် ဖြစ်လာမှုကို အကြောင်းပြု၍ ၎င်း၏ဒုံးကျည်များ ပစ်ခတ်နိုင်မှုစွမ်းပကားအား တောင်ကိုရီးယားက မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲများတွင် တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏ဒုံးကျည်များအား မြောက်ကိုရီးယား၏ မည်သည့်ဒေသကိုမဆို လက်လှမ်းမီ၍ ကီလိုမီတာ ၁၀၀၀ ကျော်အထိ ပစ်ခတ်နိုင်ရေးအတွက် မြှင့်တင်တည်ဆောက်နိုင်ရန် တောင်းဆိုခဲ့သည်။

သို့ရာတွင် တောင်ကိုရီးယားနိုင်ငံသည် ၂၀၀၁ ခုနှစ် ဒုံးကျည်နည်းပညာ ထိန်းချုပ်ရေးစာချုပ်၌ ပါဝင်ထားသောကြောင့် အဆိုပါတောင်းဆိုချက်ကို အမေရိကန်ပြည်ထောင်စုအစိုးရက သဘောတူခဲ့ခြင်းမရှိပေ။ **အင်တာနက်။**

## ရုရှားအာဏာရပါတီ အောက်လွှတ်တော်ရွေးကောက်ပွဲ၌ အများစုအနေအထားမရ

**မော်စကို ဒီဇင်ဘာ ၆**

ရုရှားနိုင်ငံ၌ ကျင်းပခဲ့သော ပါလီမန်ရွေးကောက်ပွဲ၌ ဝန်ကြီးချုပ် ဗလာဒီမာပူတင်၏ အာဏာရပါတီသည် အမတ်နေရာအများစုကို ရယူနိုင်စွမ်းမရှိသဖြင့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ၎င်းအနေဖြင့် နိုင်ငံရေးအရထိုးနှက်ခံရမှုတစ်ရပ်ဖြစ်ကြောင်း နိုင်ငံတကာသတင်းဌာနများက ဒီဇင်ဘာ ၆ရက်တွင် ရေးသားဖော်ပြသည်။

ဝန်ကြီးချုပ်ပူတင်၏ ညီညွတ်သော ရုရှားပါတီသည် ဒီဇင်ဘာ ၄ ရက်က ကျင်းပခဲ့သော အောက်လွှတ်တော် ရွေးကောက်ပွဲ၌ ထောက်ခံမဲ ၅၀ ရာခိုင်နှုန်းရရှိရန်အတွက်ပင် ရုန်းကန်လှုပ်ရှားနေရကြောင်း၊ လွန်ခဲ့သည့်လေးနှစ်က ကျင်းပခဲ့သော ရွေးကောက်ပွဲ၌မူ ထောက်ခံမဲ ၆၄ ရာခိုင်နှုန်းကျော်ရရှိခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။ ဝန်ကြီးချုပ်ပူတင်သည် မတ်လ၌ကျင်းပမည့် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ **အင်တာနက်။**

## အာဖဂန်မြို့ကြီးသုံးမြို့၌ အကြမ်းဖက်မှုများဖြစ်ပွား၍ ၅၈ ဦးသေဆုံး

**ကဘူး ဒီဇင်ဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံရှိ မြို့ကြီးသုံးမြို့၌ ဒီဇင်ဘာ ၆ ရက်က ဂိုဏ်းဂဏစွဲ တိုက်ခိုက်မှုများကြောင့် ၅၈ ဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဆယ်စုနှစ်တစ်ခုကြာမျှ စစ်မက်ဖြစ်ပွားလာခဲ့သော အာဖဂန်နစ္စတန်နိုင်ငံ၌ ဂိုဏ်းဂဏစွဲဖြင့် တိုက်ခိုက်မှုများ ပထမဆုံးအကြိမ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရှီးယိုက်မွတ်စလင်တို့၏ ပွဲတော်တစ်ရပ်ကို ကျင်းပနေချိန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်ခဲ့သည်။

မြို့တော်ကဘူး၌ အသေခံဗုံးခွဲတိုက်ခိုက်မှု နှစ်ကြိမ်ပေါ်ပေါက်ခဲ့ရာ လူအများအပြား သေဆုံးခဲ့ရသည်။

နိုင်ငံမြောက်ပိုင်း မာဇာရီရှရစ်မြို့၌ လေးဦးသေဆုံးခဲ့ပြီး ခြေကျင်လျှောက်လာသော အသေခံဗုံးခွဲသူများက ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

တတိယမြောက်တိုက်ခိုက်မှုမှာ နိုင်ငံတောင်ပိုင်းရှိ ကန်ဒါဟာမြို့၌ဖြစ်ပွားခဲ့ပြီး ရပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီး၌ ဗုံးထောင်ကာ အကြမ်းဖက်တိုက် ခိုက်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် သေဆုံးသူမရှိခဲ့ပေ။

မြို့တော်ကဘူး၌ ဗုံးပေါက်ကွဲမှုကြောင့် ၅၄ ဦး သေဆုံးပြီး ၁၆၄ ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်ပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာ ဂူလမ်ကာဂါက ပြောကြားသည်။

**အင်တာနက်။**



# အိမ်နီးချင်းနိုင်ငံအားလုံးနှင့် ပိုမိုရင်းနှီးစွာ ဆက်ဆံဆောင်ရွက်သွားမည်

## နှစ်နိုင်ငံတပ်မတော်ချင်းလည်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## နှစ်နိုင်ငံအကြား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍအသီးသီး၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လို မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ဝယ်ယူသုံးစွဲရန်လည်း စိတ်ဝင်စား ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။(အပေါ်ပုံ) (သတင်းစဉ်)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား သဘောတူစာချုပ်များ ချုပ်ဆိုပွဲသို့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)